**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**

**သစ်တောဦးစီးဌာန**

**တနင်္သာရီသဘာဝကြိုးဝိုင်းလုပ်ငန်းစီမံကိန်း၊ စီမံကိန်းဒါရိုက်တာရုံး**

**ရုံးအမှတ်(၃၉)၊ နေပြည်တော်**

FOREST MGTC PTTEP Andaman Transportation Limited TNRP

## ဒေသခံကင်းလှည့်ဝန်ထမ်းနေရာအတွက် အလုပ်လျှောက်လွှာခေါ်ယူခြင်း

၁။ သစ်တောဦးစီးဌာန၊ တနင်္သာရီသဘာဝကြိုးဝိုင်းစီမံကိန်းတွင် စီမံကိန်းကာလအတွင်း လစ်လပ်လျှက်ရှိသော အောက်ဖော်ပြပါ လုံခြုံရေးဝန်ထမ်းနေရာအတွက် သတ်မှတ်အရည်အချင်းများနှင့် ကိုက်ညီသောသူများ လျှောက်ထားနိုင်ပါသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) လျှောက်ထားသူသည် အသက်(၁၈)နှစ်ပြည့်ပြီးသူနှင့် အသက်(၄၀)နှစ်မကျော်လွန်သူ ဖြစ်ရပါမည်။

(ဂ) အခြေခံပညာအလယ်တန်းအဆင့်ရှိသူဖြစ်ရပါမည်။ အစိုးရဝန်ထမ်းမဟုတ်သူဖြစ်ရပါမည်။

(ဃ) အသောက်အစားကင်းရှင်းသူ ဖြစ်ရပါမည်။

(င) စီမံကိန်းလုပ်ငန်းအခြေအနေ၊ နယ်မြေအခြေအနေအပေါ်မူတည်၍ ဆောင်ရွက်ရမည်ဖြစ်ပါသဖြင့် အချိန်ရာသီမရွေး တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။ အချိန်တိကျမှုရှိရမည်။

(စ) ယုံကြည်စိတ်ချရသောသူဖြစ်ရမည်။

(ဆ) ရေရှည်လက်တွဲလုပ်ကိုင်သူဖြစ်ရပါမည်။

(ဇ) အကျင့်စာရိတ္တကောင်းမွန်သူ ဖြစ်ရပါမည်။

(ဈ) ကျန်းမာရေးကောင်းမွန်ပြီး သွက်လက်ဖြတ်လက်၍ အမိန့်နာခံပြီးတာဝန်ကိုကျေပွန်စွာ ထမ်းဆောင်လိုသူဖြစ်ရပါမည်။

(ည) သစ်တောဦးစီးဌာန၊ တနင်္သာရီသဘာဝကြိုးဝိုင်းလုပ်ငန်းစီမံကိန်းမှ သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်နိုင်သူ ဖြစ်ရပါမည်။

၂။ လျှောက်ထားလိုသူသည် အောက်ဖော်ပြပါ အချက်အလက်များဖြင့် ပြည့်စုံစွာ လျှောက်ထားရမည်-

(က) ကိုယ်ရေးမှတ်တမ်း

(ခ) ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ ကျေးရွာ/ရပ်ကွက်တွင် နေထိုင်ကြောင်းနှင့် အကျင့်စာရိတ္တကောင်းမွန်ကြောင်းထောက်ခံချက်

(ဂ) သက်ဆိုင်ရာရဲစခန်း၏ ပြစ်မှုကင်းရှင်းကြောင်းထောက်ခံချက်

(ဃ) အိမ်ထောင်စုစာရင်းမိတ္တူ

၃။ တာဝန်ထမ်းဆောင်ရမည့်နေရာ - သစ်တောဦးစီးဌာန၊ တနင်္သာရီသဘာဝကြိုးဝိုင်းလုပ်ငန်း စီမံကိန်း၊ ဥယျာဉ်အုပ်ချုပ်ရေးမှူးရုံး၊ ရေဖြူမြို့နယ်။

၄။ လစာ - ၃၅၅,၉၈၀/- ကျပ်

၅။ လျှောက်လွှာနှင့်အတူ ကိုယ်ရေးရာဇဝင်အသေးစိတ်အချက်အလက်များနှင့် အကျင့်စာရိတ္တ ကောင်းမွန်ကြောင်း သက်ဆိုင်ရာမှ ထောက်ခံချက်တို့ကို **၂၀၂၅ ခုနှစ်၊ မေလ (၃၀) ရက်နေ့ထက် နောက်မကျစေဘဲ "တနင်္သာရီသဘာဝကြိုးဝိုင်းလုပ်ငန်းစီမံကိန်း၊ ဥယျာဉ်အုပ်ချုပ်ရေးမှူးရုံး၊ ရေဖြူမြို့နယ်၊ ကံပေါက်ဒေသသို့"** ရုံးချိန်အတွင်းလူကိုယ်တိုင်လာရောက် လျှောက်ထားနိုင်ပါသည်။

၆။ အသေးစိတ်သိရှိလိုပါက **"တနင်္သာရီသဘာဝကြိုးဝိုင်းလုပ်ငန်းစီမံကိန်း၊ စီမံကိန်းဒါရိုက်တာ ရုံး၊ ရုံးအမှတ်(၃၉)၊ သစ်တောဦးစီးရုံးချုပ်၊ နေပြည်တော် (သို့မဟုတ်) ဥယျာဉ်အုပ်ချုပ်ရေးမှူးရုံး၊ ရေဖြူမြို့နယ်၊ ကံပေါက်ဒေသသို့"** လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းနံပါတ်- ၀၉ ၄၄၈ ၅၃၇ ၃၇၀၊ ၀၉ ၇၉၄ ၈၉၇ ၂၂၈ သို့ဖြစ်စေ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

စာအမှတ်၊ တနသရ(စီမံကိန်း/၀၀/ ၆၀၈ /၂၀၂၆)
ရက်စွဲ ၊ ၂၀၂၆ ခုနှစ်၊ မေလ ( ၂၁ )ရက်

(signature) ၂၁/၅/၂၀၂၁

(ဆန်းမြင့်ထွန်း)
စီမံကိန်းဒါရိုက်တာ
တနင်္သာရီသဘာဝကြိုးဝိုင်းလုပ်ငန်းစီမံကိန်း

မိတ္တူကို

ရုံးလက်ခံ/မျှောစာတွဲ

**ဒေသခံကင်းလှည့်ဝန်ထမ်း၏ လုပ်ငန်းတာဝန်များ (Terms of Reference - ToR) မှာ အောက်ဖော်ပြပါ အတိုင်းဖြစ်ပါသည်-**

(က) အထက်လူကြီး၏အမိန့်နှင့် လမ်းညွှန်ချက်များကို လိုက်နာဆောင်ရွက်ရမည်။

(ခ) မိမိတာဝန်ကျနယ်မြေတွင် အချိန်ပြည့် တာဝန်ထမ်းဆောင်ရမည်။

(ဂ) မိမိတာဝန်ကျနယ်မြေအတွင်း သစ်တောပြစ်မှုများ လျော့နည်းပပျောက်စေရန် အမြဲစုံစမ်းခြင်းနှင့် ကင်းလှည့်စစ်ဆေးခြင်းများ ဆောင်ရွက်ရမည်။

(ဃ) မိမိတာဝန်ကျနယ်မြေအတွင်းရှိ ဒေသခံများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ထိန်းသိမ်းရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ခြင်း၊ ဒေသခံများကို သစ်တောထိန်းသိမ်းရေးလုပ်ငန်း များတွင် စိတ်ပါဝင်စားလာစေရန် အခါအားလျော်စွာ ပညာပေးစည်းရုံးခြင်းများ ဆောင်ရွက် ရမည်။

(င) မိမိတာဝန်ကျနယ်မြေအတွင်း ဇီဝမျိုးစုံမျိုးကွဲများအား လေ့လာစာရင်းကောက်ခြင်း၊ မှတ်တမ်းတင်ခြင်းနှင့် သတင်းပေးပို့တင်ပြခြင်းတို့ကို ဆောင်ရွက်ရမည်။

(စ) လုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို နေ့စဉ်မှတ်တမ်းရေးသားခြင်းနှင့် အစီရင်ခံစာ ရေးသားတင်ပြခြင်းတို့ကို ပြုလုပ်ရမည်။

(ဆ) မိမိတာဝန်ကျနယ်မြေအတွင်း ထိန်းသိမ်းရေးဆိုင်ရာလုပ်ငန်းများ၊ လုံခြုံရေးဆိုင်ရာသတင်းများနှင့် အခြားထူးခြားဖြစ်စဉ်များရှိပါက အချိန်နှင့်တပြေးညီ အထက်အဆင့်ဆင့်သို့ တင်ပြရမည်။

(ဇ) မိမိတာဝန်ကျစခန်း(ခွဲ)အတွင်း လုံခြုံရေးနှင့် သန့်ရှင်းသာယာလှပရေးအတွက် နေ့စဉ်ဆောင်ရွက်ရမည်။

(ဈ) အဂတိလိုက်စားခြင်းကို လုံးဝရှောင်ကြဉ်ရမည်။

(ည) ရုံးကိစ္စ၊ ဝန်ထမ်းတို့နှင့် သက်ဆိုင်သည့် သတင်းအချက်အလက်များကို မပေါက်ကြားအောင်ထိန်းသိမ်းနိုင်ရမည်။

(ဋ) တနင်္သာရီသဘာဝကြိုးဝိုင်းလုပ်ငန်းစီမံကိန်းမှ သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများကိုလိုက်နာနိုင်သူ ဖြစ်ရမည်။

(ဌ) အလုပ်ရာထူးမှ နှုတ်ထွက်လိုပါက ဥယျာဉ်အုပ်ချုပ်ရေးမှူးထံသို့ အနည်းဆုံး(၁)လ ကြိုတင်အသိပေး၍ နှုတ်ထွက်ရမည်။